# မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ရာ၌ စောင့်ကြည့်အကဲဖြတ်မည့်အမျိုးသား ညွှန်ကိန်းမူဘောင်တွင်ပါရှိသည့် ညွှန်ကိန်းများ၏ Metadata များကို ဖော်ထုတ်နိုင်ရေးအတွက် တတိယအကြိမ် လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင် အထည်ဖော်ရာ၌ စောင့်ကြည့်အကဲဖြတ်မည့် အမျိုးသားညွှန်ကိန်းမူဘောင်တွင် ပါရှိသည့် ညွှန်ကိန်းများ၏ Metadata များကို ဖော်ထုတ်နိုင်ရေးအတွက် တတိယအကြိမ် လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့တွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ စတင်ကျင်းပရာ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက်အမှာစကားပြောကြားပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လက Living Document အနေဖြင့် ရေးဆွဲခဲ့ပါကြောင်း၊ ထိုစီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်တိုင်းတာနိုင်ရန်အတွက် Monitoring and Evaluation Framework (M & E Framewrok) တစ်ခု လိုအပ်ပါကြောင်း၊ အမျိုးသား ညွှန်ကိန်းမူဘောင် (NIF) သည် MSDP – M & E Framework ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဆိုပါ အမျိုးသားညွှန်ကိန်းမူဘောင်ကို ဗဟိုစာရင်းအင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၁၈ ခုနှစ်က ရေးဆွဲခဲ့ပါကြောင်း၊ ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများသည် အမျိုးသားညွှန်ကိန်းမူဘောင် တွင်ပါရှိသည့် ညွှန်ကိန်းများ၏ Metadata များကို ဖော်ထုတ်နိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် Metadata Development အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၁၇) ရက် နေ့မှ အောက်တိုဘာလ (၁) ရက်နေ့အထိလည်းကောင်း၊ ဒုတိယအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၂၀) ရက်နေ့အထိ လည်းကောင်း ကျင်းပခဲ့ပါကြောင်းနှင့် ယခုကျင်းပသည့် တတိယအကြိမ် Metadata Development အလုပ်ရုံ ဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် မတ်လ (၃) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကျင်းပသွားမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ နည်းပညာ အကူအညီဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဌာနဆိုင်ရာများမှ အဆင့်မြင့် အရာရှိကြီးများ၊ UNDP မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပါ သည်။


Workshop on Developing the
Framework for Monitoring
Myanmar Sustainable Development
Australian Aid
Nay Pyi Taw

